# ပရိုတက်စ်တင့် ပြုပြင်ပြောင်းလဲရေး (အေဒီ ၁၅၂၁–၁၅၇၉)

အေဒီ ၁၆ ရာစု အစောပိုင်းတွင် ဘာသာရေး အတွေးအခေါ်ပညာရှင် နှစ်ဦးဖြစ်သော မာတင်လူသာ Martin Luther နှင့် ဟူးဒရစ်ချ် ဇွင်ဂလီ Huldrych Zwingli တို့၏ လှုပ်ရှားမှုများ စတင်ခဲ့ပြီး ၎င်းသည် အသင်းတော် အား ပြုပြင် ပြောင်းလဲရန် ရည်သန်ခဲ့ပေသည်။ ထိုပြုပြင်းပြောင်းလဲရေး သမားများမှာ ယခင်က လူများနှင့် ကွဲပြား ခြားနားခဲ့ပေသည်။ သူတို့က သြဝါဆိုင်ရာ ချစားခြင်း၏ အခြေခံရင်းမြစ်ကို ဆင်ခြင်သုံးသပ်လျှက် သူတို့ ဆင်ခြင်သုံးသပ်မိသော "သမ္မကျမ်း အစစ်အမှန်" အတိုင်း စင်ပြိုင် သြဝါဒ အားဖြင့် ပြုပြင် ပြောင်းလဲရန် ရည် သန် ခဲ့ပေသည်။ ပရိုတက်စ်တင့် ဆိုသော စကားမှာ လက်တင်ဘာသာစကား ပရိုတက်စ်တာ့တ် တီယို မှ ဆင့် ပွားခြင်း ဖြစ်၍၊ ကြေငြာစာတမ်းဟု အနက်ပေးပေသည်။ ၎င်းသည် အေဒီ ၁၅၃၉ တွင် ဆုံးဖြတ်ချက် ချမှတ်သော ဒိုင်ယက်အော့ စပီယာ Diet of Speyer အား ဆန့်ကျင်သော မင်းသား လူသာရင်၏ ပရိုတက်စ်တေးရှင်း စာလွှာ letter of protestation ကို ကိုယ်စားပြုထားခြင်း ဖြစ်ပေသည်။ ပြုပြင် ပြောင်းလဲရေးကို ဆန့်ကျင် သော အားဖြင့် ထိုဆုံးဖြတ်ချက်အား ဒိုင်ယက်အော့ ဝမ်းန် ဟု ပြန်လည်တည်းဖြတ် အတည်ပြုခဲ့ပေသည်။ ထိုအချိန်မှ စ၍ ထိုစကားလုံး ဝေါဟာရအား များစွာသော အနက်အမျိုးမျိုးဖြင့် သုံးနှုန်းခဲ့ပေသည်။ သို့သော် ယေဘယျအားဖြင့် အနောက်တိုင်း ခရစ်ယာန် ဟူ၍ ကိုယ်စားပြုပေသည်။ ၎င်းသည် ပုပ်ရဟန်းဆိုင်ရာ အုပ် ချုပ်မှု အာဏာအား သတ်မှတ်ခြင်း မရှိချေ။ ဤစကားလုံး ပရိုတက်စ်တင့် ဆိုသည်ကို ပြုပြင် ပြောင်းလဲရေး သမားများက စတင်သုံးနှုန်းခြင်း မဟုတ်ချေ။ ၎င်းတို့သည် သူတို့ကိုယ် သူတို့ သမ္မကျမ်းစာ အစစ်အမှန် ဆီသို့ ပြန်သွားသူများဟူ၍ အီဗင်ဂျလီကယ် ဟူ၍ ခေါ်ဆိုလေ့ရှိပေသည်။

ပရိုတက်စ်တင့် ပြုပြင်ပြောင်းလဲရေး၏ အစကို ယေဘုယျအားဖြင့် မာတင်လူသာနှင့် ဂျာမဏီနိုင်ငံ ဝက်တင် ဘတ်ရှိ ရဲတိုက် ဘုရားကျောင်းတွင် တင်ပြသော သီးဇစ် (စတမ်း) ၉၅ ခုနှင့်အတူ အသိအမှတ် ပြုခဲ့ပေသည်။ ရှေးဦးစွာ ဆီမိုနီ simony ကဲ့သို့ ချစားခြင်းများ၊ ပုပ်ရဟန်းဆိုင်ရာ လစ်လပ်မှုနှင့် စိတ်အလိုလိုက်လျှော ရောင်းချမှုများ the sale of indulgences ကို ဆန့်ကျင် ထားပေသည်။ ပရိုတက်စ်တင့်၏ ရပ်တည်မှုမှာ သြဝါဒဆိုင်ရာ ပြောင်းလဲခြင်း ပြုသော ဆိုလာ စခရက်ကျူရာ sola scriptura နှင့် ဆိုလာ ဖီဒါ sola fide တို့ နှင့် ပူးပေါင်းခြင်း မရှိချေ။ ပရိုတက်စ်တင့်မှ အရေးအပါဆုံး ဝင်ရောက်လာခြင်း သုံးခုမှာ လူသာရင်၊ ရီဖွမ်းဒ်၊ နှင့် အင်ဂလီကင် ရိုးရာများ ဖြစ်ပေသည်။ နောက်ဆုံးဖြစ်သော အင်္ဂလီကင်အား ပြုပြင်ပြောင်းလဲရေး ဟု အသိ အမှတ်ပြုသော်လည်း၊ ကာသိုလစ်နှင့်အခြားသော အုပ်စုခွဲများက ၎င်းအား ပရိုတက်စ်တင့်ဟု စရင်းမသွင်းချေ။

ပရိုတက်စ်တင့် ပြုပြင်ပြောင်းလဲရေးကို အုပ်စုနှစ်စု ခွဲခြားကောင်း ခွဲခြားနိုင်သော်လည်း အခြေခံအားဖြင့် ပြိုင်တူ လှုပ်ရှားမှုများ ဖြစ်ခဲ့ပေသည်။ ၎င်းတို့မှာ သြဇာရှိသော အသိုင်းအဝိုင်းမှ ပြုပြင်ပြောင်းလဲခြင်းနှင့် အခြေခံမှ ပြုပြင်ပြောင်းလဲခြင်းတို့ ဖြစ်ပေသည်။ သြဇာရှိသော အသိုင်းအဝိုင်းမှ ပြုပြင်ပြောင်းလဲရေးတွင် လူသာ၊ ဇွင်ဂလီ၊ ကယ်လ်ဗင်၊ ခရင်မာ စသော သေချာသည့် ဘာသာရေး ဒသနပညာရှင် ညွှန့်ပေါင်းများ ပါဝင်၍၊ ခရစ်ယာန် ဒေသတွင်းမှ အရပ်သား သြဇာရှိသူများက ပြုပြင်ပြောင်းလဲရေးတွင် ပူးပေါင်း ပါဝင်ပေသည်။ အခြေခံ ပြုပြင် ပြောင်းလဲသူများသည် နိုင်ငံတော် ပိတ်ဆို့မှု၏ ပြင်ပ၌ အသိုင်းအဝိုင်းကို ဖွဲ့စည်း တည်ထောင်ခဲ့ပေသည်။ ၎င်းတို့က နက်စ်ဆာ နှင့် ချာလက်စ်ဒန် သင်္ဂါယနာများ ဆုံးဖြတ်ချက်များကို ပါယ်ချခြင်းကဲ့သို့ သြဝါဒဆိုင်ရာ အစွမ်းကုန် ပြောင်းလဲရေးကို ပိုမိုလုပ်ဆောင်ခဲ့ပေသည်။ အခြေခံဝါဒီများနှင့် သြဇာရှိ ပြုပြင် ပြောင်းလဲသူတို့ အကြား ကွဲပြားမှုမှာ အထွေထွေ ကာသိုလစ်နှင့် ပရိုတက်စ်တင့် မသင့်မြတ်မှုတို့အကြား ပိုမို ပြင်းထန်စွာ ပေါက်ကွဲမှုပင် ဖြစ်ပေသည်။

ပရိုတက်စ်တင့် ပြုပြင်ပြောင်းလဲရေးသည် ဥရောပ မြောက်ပိုင်း တစ်ခုလုံးနီးပါးသို့ ပြန့်နှံ့သွားခဲ့ပေသည်။ သို့ သော် အိုင်ယာလန်နှင့် ဂျာမဏီမှ အစိတ်အပိုင်းများကဲ့သို့ မြောက်ပိုင်းအားလုံးအား ကိုင်တွယ်နိုင်ခြင်း မရှိခဲ့ချေ။ သြဇာရှိသော ပြုပြင်ပြောင်းလဲရေး သမားများသည် အခြေခံပြုပြင်ပြောင်းလဲရေး သမားများထက် ပိုမိုကျယ်ပြန့် ခရီးဆန့်အောင် အောင်မြင်ခဲ့ပေသည်။ ကာသိုလစ်များက ကာသိုလစ် ပြုပြင်ပြောင်းလဲရေး သို့မဟုတ် တန်ပြန် ပြုပြင်ပြောင်းလဲရေးဟု ထင်ရှားသော ပရိုတက်စ်တင့်အား ဆန့်ကျင်သော တုံ့ပြန်ခြင်းကို ပြုခဲ့ပေသည်။ ၎င်း၏ အကျိုးဆက်မှာ ရိုးရာ သြဝါဒအား

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ထပ်မံ အတည်ပြု၍၊ နာမ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းနှင့်၊ သာသနာပြု လှုပ်ရှားမှု အစီအစဉ် အသစ်များ ရောနှောဝင်ရောက်လာသည့် အစီအမံသစ်ကို ရည်သန်ချမှတ် ခဲ့ပေသည်။ တန်ပြန် ပြုပြင်ပြောင်းလဲခြင်းကြောင့် ဥရောပ၏ ၃၃ ရာခိုင်နှုန်းသည် ကာသိုလစ်ဘက်သို့ ပြန်လည် ကူးပြောင်း လာပြီး၊ ထိုသာသနာပြု အဖွဲ့များသည်၊ အမေရိက၏ တောင်ပိုင်းနှင့် အလယ်ပိုင်း၊ အာဖရိက၊ အာရှ နှင့် တရုတ် ဂျပန်တို့အထိ ထိရောက်ခဲ့ပေသည်။ ပရိုတက်စ်တင့်မှာ ဥရောပ၏ အပြင်ဘက်သို့ သက်ရောက်မှုမှာ အနည်းငယ်မျှသာ ဖြစ်၍၊ မြောက်အမေရိကနှင့် အာဖရိကမှ ဒေသများသာ ပါဝင်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com